# Burma Briefing

Burma Campaign UK

## မြန်မာစစ်တပ်၏ ‘ရွေးကောက်ပွဲများ’- ရက်စွဲအသစ်၊ အန္တရာယ်အသစ်နှင့် မပြောင်းလဲသည့်အတုအယောင်များ

မြန်မာစစ်တပ်သည် ၂၀၂၅ နှစ်ကုန်တွင် ရွေးကောက်ပွဲအသစ်ကို ကျင်းပရန် စီစဉ်လျက်ရှိသည်။

၎င်းသည် အတုအယောင်ဖြစ်ပြီး ပြည်တွင်းနှင့် ပြည်ပတွင် ရှုတ်ချခံရမည်မှာ အသေအချာ ပင်ဖြစ်သည်။ မြန်မာစစ်တပ်အနေဖြင့် ထိုအချက်ကို သိသော်ငြားလည်း အရေးပါခြင်း ရှိမည် မဟုတ်ဟု ယူဆထားသည်။

၎င်းတို့အနေဖြင့် ၂၀၁၀ခုနှစ် ရွေးကောက်ပွဲများတွင် ဖြစ်ပျက်ခဲ့သည်များကို ပြန်လည် ပြုလုပ် လိုခြင်းဖြစ်သည်။ ထိုရွေးကောက်ပွဲများသည်လည်း ရှုတ်ချခံခဲ့ရသည်၊ သို့သော် နိုင်ငံတကာ အသိုင်းအဝိုင်းအနေဖြင့် ပိတ်ဆို့မှုများကို လျှော့ချပေးခဲ့ပြီး ယခင်ကာလတွင် တရားမဝင်ဟု သတ်မှတ်ထားသော်လည်း အစိုးရဖြစ်လာသောအခါတွင် ၎င်းတို့ကို ပံ့ပိုးကူညီမှုများပေးခဲ့သည်။

မြန်မာစစ်တပ်အနေဖြင့် စစ်အာဏာသိမ်းမှုများကို နှစ်ခြိုက်သကဲ့သို့ပင် ရွေးကောက်ပွဲများကိုလည်း နှစ်သက်သည်။ မြန်မာစစ်တပ်အတွက်မူ ရွေးကောက်ပွဲများသည် ၎င်းတို့အား တံဆိပ် အသစ်ပြန်လည်ကပ်ခြင်း၊ သက်တမ်းတိုးခြင်းနှင့် မြန်မာပြည်သူများကိုသာမက နိုင်ငံတကာ အသိုင်းအဝိုင်းကိုပါ မြန်မာနိုင်ငံတွင် အသွင်ကူးပြောင်းမှုသည် အမှန်တကယ် (နောက်တကြိမ်) ထပ်မံဖြစ်ပေါ်နေသည်ဟု အယုံသွင်းလိုခြင်းဖြစ်သည်။

အမှန်တရားကို သိရက်နှင့် လျစ်လျူရှုခြင်းဖြစ်စေ၊ လျင်မြန်မှုများ (သို့မဟုတ်) ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ အတွက် (သို့မဟုတ်) မြန်မာစစ်တပ်၏ လိမ်ညာမှုများနှင့် ဝါဒဖြန့်မှုများကို နိုင်ငံတကာအသိုင်းအဝိုင်းမှယုံကြည်သွားခဲ့သည်၊ “ကျွန်တော်တို့ စောင့်ကြည့်ရမယ်၊ အပြုသဘော ဆောင်တဲ့ ခြေလှမ်းတွေကို အားပေးရမယ်၊ ငြိမ်းချမ်းရေး အတွက် အလားအလာရှိတယ်၊ အခွင့်အလမ်း တွေအတွက် တံခါးပေါက်ပဲ” အစရှိသဖြင့် စကားလုံးများသည် လူကြိုက်များပြီး ပြန်လည်ပြောဆိုလာကြသည့် အရာများဖြစ်လာသည်။

မြန်မာစစ်တပ်သည် လက်ရှိကာလတွင် ၎င်း၏ရှင်သန်ရပ်တည်မှုအတွက် ရုန်းကန် တိုက်ခိုက် နေရသည်ဖြစ်သည်။ ၂၀၂၅ခုနှစ် အစောပိုင်းတွင် BBC သတင်းဌာန၏ ခန့်မှန်းမှုအရ မြန်မာစစ်တပ်သည် နိုင်ငံ၏ ၂၀ရာခိုင်နှုန်းကိုသာ အပြည့်အဝထိန်းချုပ်ထားနိုင်သည်။ ၎င်း၏ အုပ်ချုပ်မှုအတွက်အမည်နာမအသစ်ဖြစ်သည့် “နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC)” သည် ၎င်းအလိုရှိသော နိုင်ငံတကာ၏ အသိအမှတ်ပြုမှုကို ရရှိရန် ကျရှုံးခဲ့သည်။

တပြိုင်နက်တည်းမှာပင် ပြည်တွင်းတွင်လည်း ခြိမ်းခြောက်မှုများနှင့် ကြုံတွေ့နေရသည့်အတွက် လတ်တလောတွင် အကန့်အသတ်ဖြင့် တည်ရှိနေသည့် နိုင်ငံတကာပိတ်ဆို့မှုများသည် မြန်မာစစ်တပ် အား ထင်ရှားစွာပင် ခြောက်လှန့်လျက်ရှိသည်။

စစ်ခေါင်းဆောင်မင်းအောင်လှိုင်သည် နိုင်ငံတကာ ပိတ်ဆို့မှုများအတွက် စောဒက တက်ခြင်း မရှိသည်မှာ မြန်မာပြည်သူများအနေဖြင့် ထိခိုက်ခံစားရမည်ကို စိုးရိမ်ပူပန်မှုရှိခြင်းကြောင့် မဟုတ်ပါ။ ထိုပိတ်ဆို့မှုများသည် မြန်မာစစ်တပ်၏ ဝင်ငွေနှင့် လက်နက်များရရှိမှုကို အဓိကထား ပိတ်ဆို့ခြင်း ဖြစ်သည်။ ၎င်းအနေဖြင့် ပိတ်ဆို့မှုများကို စောဒကတက်နေခြင်းမှာ ၎င်း၏ ရှင်သန်မှုအတွက် အခက်အခဲဖြစ်နေခြင်းကြောင့်သာဖြစ်သည်။

မြန်မာစစ်တပ်အနေဖြင့် အပြောင်းအလဲကို လိုအပ်နေပါသည်၊ အသစ်မှပြန်လည် စတင်ရန် လိုအပ်နေသည်။ မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲများကို ကျင်းပရန် ကနဦးတွင် တရုတ်နိုင်ငံမှ တွန်းအားပေးခြင်း များရှိသည်ဟု ယူဆဖွယ်ရှိသော်လည်း လက်ရှိကာလတွင် မြန်မာစစ်တပ် အနေဖြင့် သိသာထင်ရှားသည့် အင်အားသုံးခြင်းနှင့် ဝါဒဖြန့်မှုများကို အသုံးပြုလာပြီး ၂၀၂၅ခုနှစ် ဒီဇင်ဘာနှင့် ၂၀၂၆ခုနှစ် ဇန်နဝါရီလတွင် ရွေးကောက်ပွဲများကို ပြုလုပ်ရန် ပြင်ဆင်လျက်ရှိသည်။

## ရွေးကောက်ပွဲများ အမှန်တကယ်ဖြစ်လာနိုင်ပါသလား။

မိမိတို့အနေဖြင့် မြန်မာစစ်တပ်သည် ရွေးကောက်ပွဲများကို ကျင်းပပြုလုပ်မည်ဟု ကြားသိရသည်၊ ထို့အပြင် ၎င်းတို့မှာ အစဉ်အဆက် လိမ်ညာခြင်းများပြုလုပ်လာသည့်အတွက် ရွေးကောက်ပွဲ များလုံးဝ ဖြစ်ပေါ်လာခြင်းမရှိသည်ကိုလည်း ကြုံတွေ့ရနိုင်သည်။

၂၀၁၀ခုနှစ် ရွေးကောက်ပွဲနှင့် စစ်တပ်မှ ကျောထောက်နောက်ခံပြုထားသည် အစိုးရသည် စစ်တပ် အတွင်းမှာပင် မျိုးဆက်ပြောင်းရန် လိုအပ်ပြီး အပြောင်းအလဲများ အမှန် တကယ် ဖြစ်ပေါ်နေပြီဆိုသည့် အမြင်များကို ပေးရန် အတွက် စစ်ခေါင်းဆောင်ဟောင်း ဗိုလ်ချုပ်မှူးကြီး သန်းရွှေမှ ရာထူးမှ ဆင်းသွားခဲ့သည်။ လက်ရှိစစ်ခေါင်းဆောင် မင်းအောင်လှိုင်အနေဖြင့် ရာထူးအာဏာမှ ဘေးထွက်နေရန် အစီအစဉ်ရှိပါသလား။ ၎င်းအနေဖြင့် ထိုသို့ ပြုလုပ်လိုသည့် ဆန္ဒကို ပြသခြင်းမရှိပါ။

## ရွေးကောက်ပွဲသည် မြန်မာစစ်တပ်၏ အာဏာကို ထိန်းသိမ်းထားရန်သာဖြစ်သည်။

ရွေးကောက်ပွဲသည် မှားယွင်းမှုများနှင့် ပြည့်နှက်နေမည်ဖြစ်သည် (အောက်ဖော်ပြပါ ဇယားကိုကြည့်ပါ)။ ထိုရွေးကောက်ပွဲသည် မျှတမှုကင်းမဲ့ပြီး တရားဝင်မှုလည်းရှိမည်မဟုတ်ပေ။ ရုရှားနိုင်ငံ၊ တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် အခြားနိုင်ငံအချို့မှအပ အနောက်နိုင်ငံအများစုသည် ထိုရွေးကောက်ပွဲများအား တရားဝင်မှုမရှိဟု ပြောဆိုကာ ရှုတ်ချကြမည်ဖြစ်ပြီး ထိုရွေးကောက်ပွဲမှ အာဏာရ၍ အစိုးရဖြစ်လာသူများကိုလည်း တရားဝင်မှုမရှိဟုဆိုကာ ကန့်ကွက်ကြမည်ဖြစ်သည်။

## ၂၀၂၅ တွင် ကျင်းပမည့် မြန်မာစစ်တပ်၏ ရွေးကောက်ပွဲသည် မည်မျှလောက် မှားယွင်းနိုင်ပါသနည်း။

- မြန်မာစစ်တပ်သည် ရွေးကောက်ပွဲကျင်းပရန်အတွက် တရားဝင်မှုနှင့် လုပ်ပိုင်ခွင့် မရှိပါ။
- ယှဉ်ပြိုင်ခဲ့သည့် ရွေးကောက်ပွဲမှန်သမျှတွင် အနိုင်ရရှိခဲ့သည့် အမျိုးသားဒီမို ကရေစီ အဖွဲ့ချုပ်အပါအဝင် နိုင်ငံရေးပါတီပေါင်း(၄၀)သည် ဖျက်သိမ်းခံခဲ့ရသည်။
- လက်ရှိတွင် နိုင်ငံရေးအကျဉ်းသားပေါင်း(၂၂,၀၀၀)ရှိပြီး ၎င်းတို့အနက်တွင် ရွေးကောက်ပွဲ တွင် ပါဝင် ယှဉ်ပြိုင်နိုင်ခြင်းမရှိသည့် လွှတ်တော်အမတ်များနှင့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ် များပါဝင်သည်။ မြန်မာစစ်တပ်၏ အကြံအစည်များအား လိုက်နာခြင်း မပြုသည့် လွတ်လပ်သည့် သတင်းမီဒီယာများကိုလည်း ဖျက်သိမ်းခဲ့သည်။
- လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်လည်း မရှိပါ။
- တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် မဲဆန္ဒပေးခြင်းမဖြစ်နိုင်ပါ၊ မြန်မာစစ်တပ်အနေဖြင့် နိုင်ငံတွင်း မြို့နယ်အနည်းငယ်ကိုသာ ထိန်းချုပ်နိုင်ခြင်းဖြစ်သည်။ သန်းနှင့်ချီသည့် ပြည်သူများသည် နေရပ်စွန့်ခွာ ထွက်ပြေးနေကြရပြီး သန်းနှင့်ချီသည့် အခြား ပြည်သူများအနေဖြင့်လည်း မြန်မာစစ်တပ်၏ စစ်ကြောင်းထိုးမှုများ၊ လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် လွဲချော် မှားယွင်းနေသည့် စီးပွားရေးစီမံမှုများကြောင့် အိမ်နီးချင်းနိုင်ငံများသို့ ထွက်ပြေး နေကြရသည်။
- အီလက်ထရောနစ် မဲပေးစက် အသစ်များသည်လည်း မဲလိမ်လည်မှု/မသမာမှုများ ပြုလုပ်ရန် ပိုမို လွယ်ကူသည်၊ ထို့အပြင် ထိုစနစ်သည် ဆန္ဒမဲပေးသူများ၏ ကိုယ်ရေး အချက်အလက်များ၊ အိမ်ထောင်စုစာရင်း အချက်အလက်များနှင့် ချိတ်ဆက်ကာ ဆန္ဒမဲပေးသူများ၏ မဲများအား လျှို့ဝှက် ထားခြင်းမရှိမှုများလည်း ဖြစ်နိုင်ပါသည်။ ပြည်သူများ အနေဖြင့် ၎င်းတို့သည် မြန်မာစစ်တပ်၏ နိုင်ငံရေးပါတီကို ဆန္ဒမဲ ပေးခြင်းမပြုပါက ပြစ်ဒဏ်ပေးမှုများ ခံရမည်ကို ကြောက်ရွံ့နေကြသည်။
- ဒီမိုကရေစီလိုလားသည့် ပါတီများမှ အသစ်မိတ်ဆက်ထားသည့် အချိုးကျ ကိုယ်စားပြု မှုစနစ်ကိုလည်း မြန်မာစစ်တပ်မှ ဖျက်သိမ်းထားပြီး လွှတ်တော်တွင် မြန်မာစစ်တပ်၏ ကိုယ်စားပြုမှု ကိုသာ တိုးမြှင့်ရန် ရည်ရွယ်ထားသည်။

ရွေးကောက်ပွဲပြီးနောက်တွင် အသစ်တက်မည့် အစိုးရအနေဖြင့် မည်သည့်ပုံသဏ္ဍာန်ဖြင့် အစိုးရ ဖြစ်လာသည်ဖြစ်စေ မြန်မာစစ်တပ်၏ ထိန်းချုပ်မှုအောက်တွင်သာ တည်ရှိနေမည်ဖြစ်ပြီး ၎င်းအစိုးရ၏ ရည်ရွယ်ချက်မှာလည်း မြန်မာနိုင်ငံအား စစ်တပ်မှ ဆက်လက်ထိန်းချုပ်နိုင်ရေးသာ ဖြစ်လိမ့်မည်၊ ၎င်းတို့အနေဖြင့် ထိုသို့ပြုလုပ်ရန်အတွက် (၂၀၀၈)ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြန်လည်အသုံးချကိုးကားလိမ့်မည်။

## ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ဒီမိုကရေစီနည်းလမ်းမကျပါ၊

မြန်မာစစ်တပ်အနေဖြင့် စစ်တပ်မှ ရေးဆွဲခဲ့သည့် ဒီမိုကရေစီနည်းလမ်းမကျသည့် ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအား ရွေးကောက်ပွဲနောက်ပိုင်းတွင် တိုင်းပြည်ကို အုပ်ချုပ်ရန်အတွက် နိုင်ငံရေးစနစ်အနေဖြင့် အသုံးပြုရန် မြင့်တင်စည်းရုံးခြင်းများ ပြုလုပ်နေပြီဖြစ်သည်။ ထို ဖွဲ့စည်းပုံအခြေခံဥပဒေအောက်တွင် မြန်မာစစ်တပ်အနေဖြင့် အာဏာနှင့် လွှမ်းမိုးချုပ်ကိုင်မှုများ များစွာ ရရှိနေပြီး ဒီမိုကရေစီနည်းကျ ပြင်ဆင်ပြောင်းလဲမှုများကိုလည်း

ဗီတိုအာဏာဖြင့် ပယ်ဖျက်ခွင့် ရှိသည်။

မိမိတို့ အဖွဲ့အစည်းအနေဖြင့် ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပတ်သက်သည့် အမှားအယွင်းများအား ထောက်ပြဝေဖန်သည့် စာစောင်များ ရေးသားခဲ့ပြီးဖြစ်သည်၊ ပူးတွဲပါ လင့်ခ်များအားနှိပ်၍ ဖတ်ရှုနိုင်ပါသည်။

'Burma's New Constitution – Denying Ethnic Rights'
https://burmacampaign.org.uk/burma_briefing/burmas-new-constitution-denying-ethnic-rights/

'Burma's 2015 Elections and the 2008 Constitution'
https://burmacampaign.org.uk/burma_briefing/burmas-2015-elections-and-the-2008-constitution/

၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို အခြေခံကာ အုပ်ချုပ်သည့် မည်သည့်အစိုးရနှင့် နိုင်ငံရေးစနစ်မဆိုသည် စစ်မှန်သည့် ဒီမိုကရေစီနည်းလမ်းဖြင့် အုပ်ချုပ်နိုင်မည် မဟုတ်သကဲ့သို့ လွတ်လပ်မျှတသည့် ရွေးကောက်ပွဲတည်ရှိသော်ငြားလည်း ဒီမိုကရေစီနည်းကျ ပြုပြင် ပြောင်းလဲမှုများကို ဆောင်ရွက်နိုင်မည် မဟုတ်ပါ။ ထိုဖွဲ့စည်းပုံအခြေခံဥပဒေအောက်တွင် ဖွဲ့စည်းပုံ အခြေခံဥပဒေအား ပြောင်းလဲခြင်းနှင့် ဒီမိုကရေစီနည်းလမ်းကျအောင် ပြင်ဆင်ခြင်းတို့အား ဆုံးဖြတ်ပိုင်ခွင့်သည် မြန်မာစစ်တပ်ထံတွင်သာ တည်ရှိသည်။ ၂၀၁၀-၂၀၂၀ ခုနှစ်များတွင် အမည်ခံပြောင်းလဲမှုများ တည်ရှိခဲ့သော်လည်း မြန်မာစစ်တပ်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပတ်သက်၍ ပြုပြင်ပြောင်းလဲမှုများကို ပြုလုပ်ရန် ငြင်းဆန်ခဲ့ပြီး ပြောင်းလဲမှုမှန်သမျှသည် ဖွဲ့စည်းပုံအခြေခံဥပဒေအတွင်းမှသာ ဖြစ်နိုင်မည်ဟု ပြောကြားခဲ့ကြသည်။

## ရွေးကောက်ပွဲသည် အကြံအစည်တစ်ခုအတွက် လှေကားထစ်တစ်ခုသာဖြစ်သည်

မြန်မာစစ်တပ်မှ ကျင်းပပြုလုပ်မည့် အတုအယောင်ရွေးကောက်ပွဲသည် အာရုံစူးစိုက်မှုများကို ရရှိမည်ဖြစ်သော်လည်း အန္တရာယ်အမှန်စင်စစ်မှာ ရွေးကောက်ပွဲမဟုတ်ပဲ ရွေးကောက်ပွဲအလွန်တွင် ပေါ်ပေါက်လာမည့်ကိစ္စရပ်များဖြစ်သည်။ ၂၀၁၀ခုနှစ် ရွေးကောက်ပွဲများသည်လည်း လွတ်လပ် မျှတမှုနှင့် ယုံကြည်လက်ခံနိုင်ဖွယ်ရာမရှိခြင်းတို့ကြောင့် ဝေဖန်ရှုတ်ချခံခဲ့ရသည်။ သိန်းစိန် မှဦးဆောင်သည့် အစိုးရသည် တရားဝင်မှုနှင့် ယုံကြည်လက်ခံဖွယ်ရာမရှိဟု ဝေဖန်ခံခဲ့ရသည်။

သို့သော်လည်း စစ်တပ်မှကျောထောက်နောက်ခံပြုထားသည့် သိန်းစိန်အစိုးရ၏ အုပ်ချုပ်ရေးကာလ (၁၈)လအတွင်းမှာပင် အနောက်နိုင်ငံအစိုးရများသည် မြန်မာနိုင်ငံ အစိုးရနှင့် ဆက်သွယ်ပူးပေါင်းရန် ပြိုင်ဆိုင်လာကြသည်။ ပိတ်ဆို့မှုများကို ဖြေလျှော့ပေးရန်အတွက် အခြေအနေများနှင့် မကိုက်ညီ သော်လည်း ပိတ်ဆို့မှုများကို ဖြေလျှော့ပေးခဲ့ကြသည်။

## သမိုင်းတွင်းမှ သတိပေးချက်များ


၂၀၁၀ခုနှစ် ရွေးကောက်ပွဲအား ယူကေနိုင်ငံမှ တုံ့ပြန်ချက်

"မှားယွင်းမှုများနှင့် ပြည့်နှက်နေသည့် ရွေးကောက်ပွဲများသည် တိုးတက်မှုများကို ကိုယ်စားပြုခြင်းမရှိ"။ - ၂၀၁၀ခုနှစ် ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် ဗြိတိန်နိုင်ငံခြားရေး အတွင်းရေးမှူး ဝီလီယံဟိတ်ဂ်၏ ပြောကြားချက်။

"ပစ်မှတ်ထား ပိတ်ဆို့ခြင်းများအား သက်တမ်းတိုးခြင်းသည် ခက်ခဲသော်လည်း လိုအပ်သည့်အချိန်တွင် ပြုလုပ်ရမည့် မှန်ကန်သည့် ဆုံးဖြတ်ချက်ဖြစ်သည်၊ မှားယွင်းမှုများနှင့် ပြည့်နှက်နေသည့် ရွေးကောက်ပွဲသည် တိုးတက်မှုများမရှိသည့် စစ်အုပ်ချုပ်မှု၏ အာဏာကိုမြဲမြဲစွာ ဆုပ်ကိုင်ထားခြင်းကိုသာ အားကောင်းစေလိမ့်မည်"- စစ်တပ်မှ ကျောထောက်နောက်ခံပြုထားသည့် အစိုးရသစ်တက်လာပြီးနောက် ၂၀၁၁ခုနှစ် ဧပြီလတွင် ဗြိတိန်နိုင်ငံခြားရေး အတွင်းရေးမှူး ဝီလီယံဟိတ်ဂ်၏ ပြောကြားချက်။

"နိုင်ငံတွင်းရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏ နိုင်ငံရေးယုံကြည်ချက်ကြောင့် အကျဉ်းကျနေပါက နိုင်ငံတစ်နိုင်ငံသည် လွတ်လပ်ပြီး ဒီမိုကရေစီရှိသည်ဟု ပြော၍မရပေ၊ မြန်မာနိုင်ငံနှင့် ပတ်သက်၍ ဥရောပသမဂ္ဂမှ ကန့်သတ်ချက်များကို ဖယ်ရှားလိုပါက ထိုအကျဉ်းသားများအား လွတ်ငြိမ်းချမ်းသာခွင့် ပေးရန် မဖြစ်မနေ အရေးကြီးသည်"- ၂၀၁၂ခုနှစ် ဇန်နဝါရီလတွင် မြန်မာနိုင်ငံသို့ လာရောက်စဉ် ဗြိတိန်နိုင်ငံခြားရေးအတွင်းရေးမှူး ဝီလီယံဟိတ်ဂ်၏ ပြောကြားချက်။

"မြန်မာနိုင်ငံအား ဆန့်ကျင်ပိတ်ဆို့ထားသည့် ပိတ်ဆို့မှုများအား ဆိုင်းငံ့ခြင်းသည် မှန်ကန်သည့် လုပ်ရပ်ဖြစ်သည်"- ၂၀၁၂ခုနှစ် ဧပြီလတွင် ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းမှ မြန်မာနိုင်ငံအား လာရောက်စဉ် ကုန်သွယ်မှုအဖွဲ့နှင့် တွေ့ဆုံစဉ် ပြောကြားချက်။



(ထိုအချိန်တွင် ရာနှင့်ချီသည့် နိုင်ငံရေးအကျဉ်းသားများသည် အကျဉ်းထောင်ထဲတွင် ရှိနေကြဆဲဖြစ်သည်။)

ဒီမိုကရေစီစံနှုန်းများရှိသည့် ဖွံ့ဖြိုးဆဲနိုင်ငံများ ပြည့်မီရမည့် လိုအပ်ချက်များမရှိပဲ ကြွေးမြီများကို ဖျက်သိမ်းသွားခဲ့သည်၊ ကျွမ်းကျင်မှုနှင့် ဘဏ္ဍာရေးအကူအညီများ ပေးအပ်ခဲ့သည်။ ထိုအချိန်တွင် လူ့အခွင့်အရေးချိုးဖောက်မှုများ ဆက်လက်တည်ရှိနေဆဲဖြစ်သည်။

ပြည်တွင်းတွင် စစ်တပ်မှ ကျောထောက်နောက်ခံပေးထားသည့် သိန်းစိန်အစိုးရသည် တိုင်းရင်းသား လူမျိုးစုများအစုအဖွဲ့များနှင့် မြန်မာလူမျိုးများဦးဆောင်သည့် အဖွဲ့များအကြား သွေးခွဲအုပ်ချုပ်မှုများ ပြုလုပ်ခဲ့သည်။ တိုင်းရင်းသား လူမျိုးစုများ အစုအဖွဲ့ အချင်းချင်းကြားတွင်လည်း သွေးခွဲ အုပ်ချုပ်မှုများကို ပြုလုပ်ခဲ့သည်။

NLD အစိုးရသည် ၎င်းတို့ကိုယ်တိုင် ငြင်းပယ်ခဲ့သည့် ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအောက်တွင် ကျင်းပသည့် ၂၀၁၂ခုနှစ် ကြားကာလရွေးကောက်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်သည့်အခါတွင် တိုင်းရင်းသား လူမျိုးစုများ နိုင်ငံရေးပါတီများနှင့် မဟာမိတ်ပြုထားခြင်းကို စွန့်လွှတ်ခဲ့သည်။

စစ်တပ်မှ သိသာထင်ရှားသော လိုက်လျောညီနှိုင်းမှု တစုံတရာမရှိပဲ နှစ်ပေါင်းများစွာ တည်တံ့နေသည့် တိုင်းရင်းသား လူမျိုးစုလက်နက်ကိုင်အဖွဲ့အစည်းများကို ဖွဲ့စည်းပုံ အခြေခံဥပဒေ အောက်တွင် ထည့်သွင်းရန် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးကို စီမံအကောင်အထည် ဖော်ခဲ့ပြီး စစ်တပ်မှပင် ထိုအပစ်အခတ်ရပ်စဲရေး စာချုပ်အား စဉ်ဆက်မပြတ် ဆက်လက် ချိုးဖောက်လျက်ရှိသည်။

အနောက်နိုင်ငံ မဟာမိတ်နိုင်ငံများမှပင် မြန်မာစစ်တပ်၏ အကြံအစည်များကို ကျောထောက် နောက်ခံပြုပြီး NLD အစိုးရအား ရွေးကောက်ပွဲတွင် ပါဝင်ရန် ဖိအားပေးပြီး ရိုးသားခြင်းမရှိဟု ၎င်းမဟာမိတ်နိုင်ငံများ ကိုယ်တိုင်မှ ယုံကြည်လက်ခံထားသည့် အဖွဲ့များ၏ တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးများကို လိုက်လျောရန် ဖိအားပေးခဲ့သည်။

သိန်းစိန်အစိုးရကာလများသည် မြန်မာစစ်တပ်အတွက် ရွှေရောင်လွှမ်းသည့် အချိန်ကာလတခု ဖြစ်ခဲ့သည်။ ပြည်တွင်းနှင့် နိုင်ငံတကာဖိအားများ လျော့ကျသွားခဲ့သည်။ ၎င်းတို့၏ အာဏာများ ယုတ်လျော့သွားခြင်းမရှိပဲ ၎င်းတို့အား ဆန့်ကျင်သူများအကြား ကွဲပြဲမှုများရှိခဲ့ပြီး ဆန့်ကျင်ဖက် နိုင်ငံရေးပါတီများအနေဖြင့် စစ်တပ်မှ ချမှတ်ရေးဆွဲထားသည့် နိုင်ငံရေးစနစ်အောက်တွင် လုပ်ကိုင်ဆောင်ရွက်ခဲ့ရသည်။

မြန်မာစစ်တပ်အနေဖြင့် ၎င်းတို့၏ အာဏာကို ဆက်လက်ထိန်းသိမ်းထားရန်အတွက် နိုင်ငံရေး စနစ်သစ်ကို ဖော်ဆောင်ရန် နိုင်ငံတကာအကူအညီများအနေဖြင့် ကျွမ်းကျင်သူများကို ခန့်အပ် အကူအညီပေးခဲ့သည်။ အနောက်နိုင်ငံ

များသည် မြန်မာစစ်တပ်အား လူ့အခွင့်အရေးအတွက် တာဝန်ခံခိုင်းများမပြုပဲ စည်းကမ်းချက်များမပါပဲ သင်တန်းများ ပို့ချခဲ့သည်။

မြန်မာစစ်တပ်အနေဖြင့် စစ်အသုံးစရိတ်အား ဒေါ်လာသန်းတစ်ရာထိ တိုးမြှင့်ခဲ့ပြီး စစ်တပ်မှ ပိုင်ဆိုင်သည့် ကုမဏ္ဍီများသည် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများနှင့် တိုးပွားလာသည့် အမြတ်အစွန်းများ ကို ရရှိနေခဲ့ကြသည်။



"မြန်မာစစ်တပ်၏ စစ်ကြောင်းထိုးမှုကြောင့် ကချင်ပြည်နယ်မှ ရွာသားများထွက်ပြေးနေရပုံ၊ မြန်မာစစ်တပ်သည် (၁၇)နှစ်ကြာ အပစ်အခတ်ရပ်စဲရေးကို ၂၀၁၁ခုနှစ်တွင် ကချင်ပြည်နယ်တွင် ချိုးဖောက်ခဲ့သည်။ ထိုနှစ်သည် အစိုးရအနေဖြင့် "ငြိမ်းချမ်းရေးဖြစ်စဉ်" များကို စတင်မည်ဟု ကတိပေးသည့်နှစ်ပင်ဖြစ်သည်။



၂၀၁၂ခုနှစ် တွင်ရိုဟင်ဂျာရွာတစ်ရွာ မီးရှို့ဖျက်ဆီးခံရပုံ၊ ထိုကာလတွင် စစ်တပ်မှ ၎င်းတို့ကိုယ်တိုင် ဦးဆောင်ကာ "ပြုပြင်ပြောင်းလဲမှုများ"နှင့် "ငြိမ်းချမ်းရေးဖြစ်စဉ်များ" ကို ပြုလုပ်လျက်ရှိသည်။"

## သိန်းစိန် အုပ်ချုပ်မှု ၂.၀ ဖြစ်လာမလား။

၂၀၂၁ခုနှစ် စစ်အာဏာသိမ်းပြီးနောက် ရက်အနည်းငယ်အကြာတွင် မြန်မာစစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အာဏာသိမ်းပြီးနောက် ၎င်း၏ အမြင်နှင့် ပတ်သက်၍ ရှည်လျားသည့် မိန့်ခွန်းတစ်ခုကို ပြောကြားခဲ့ပါသည်။ ထိုမိန့်ခွန်း၏ အခြေခံမှာ ဦးသိန်းစိန်ခေတ် ကိုလိုလားမှုရှိပြီး စစ်တပ်၏ ချုပ်ကိုင်မှုကို ပိုမိုတင်းကျပ်ရန်ဖြစ်သည်။ သူ့အနေဖြင့် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများနှင့် စီးပွားရေး တိုးတက်အောင် ပြုလုပ်ရန် ပြောကြားခဲ့သည်။ အံ့သြစရာ ကောင်းလှစွာပင် သူ့အနေဖြင့် ပြည်တွင်းနှင့် ပြည်ပရှိပြည်သူများအား အာဏာသိမ်းပြီးနောက်ပိုင်း

မည်သည့်အရာမျှ ပြောင်းလဲသွားခြင်း မရှိသယောင် ဆွဲဆောင် ပြောဆိုရန် ကြိုးပမ်းခဲ့သည်။ သူ့အနေဖြင့် ယခု အခြေအနေသည် ယာယီ အခိုက်အတန့် မျိုးသာဖြစ်နိုင်သည်ဟု ပြောဆိုခဲ့သည်။ လက်ရှိမြန်မာ့စစ်တပ်ခေါင်းဆောင် များသည် ဦးသိန်းစိန် အား ထူးထူးခြားခြားနှစ်သက်မှု မရှိသော်လည်း ယခုအချိန်ကာလတွင် ၎င်းတို့အနေဖြင့် ဦး သိန်းစိန်အုပ်ချုပ်စဉ်ကာလကဲ့သို့ ပြန်လည်အုပ်ချုပ်လိုသည်ကို တွေ့ရသည်။

၂၀၂၅ခုနှစ် ဇွန်လတွင် မြန်မာစစ်တပ်သည် ငြိမ်းချမ်းရေးဖိုရမ်ကို ပြုလုပ်ခဲ့သည်။ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သည်လေ့ကျင့်သင်ကြားမှုခံယူနေသည့် မြန်မာစစ်သားများအား ထိုဖိုရမ်တွင် မိန့်ခွန်း ပြောဆိုခဲ့ပြီး စစ်ရဟတ်ယာဉ် အသစ်များအား ဝယ်ယူရန်အတွက် ဘီလာရုစ်နိုင်ငံနှင့် ရုရှားနိုင်ငံသို့ ထွက်ခွာသွားခဲ့သည်။ ဖိုရမ်၏ အဓိက ရည်ရွယ်ချက်မှာ ဦးသိန်းစိန်ခေတ်၏ အကြီးမားဆုံး အောင်မြင်မှုများထဲမှ နိုင်ငံနှင့်အဝှမ်း အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ဖြစ်ပြီး လက်နက်ကိုင် အတိုက်အခံများကို ထိရောက်စွာ အနိုင်ယူ၍ အာဏာချိန်ခွင်ညှိနိုင်ခဲ့ သောကြောင့် တိုင်းရင်းသား လူမျိုးစု ဒေသများသို့ စစ်တပ်အနေဖြင့် တိုးချဲ့ဝင်ရောက်နိုင်ကာ အခြေစိုက်စခန်းသစ် များ ထူထောင်နိုင်ခဲ့ခြင်းဖြစ်ပြီး ထိုကိစ္စရပ်များအတွက် အနောက်နိုင်ငံများ၏ ထောက်ပံ့ငွေများဖြင့် ပံ့ပိုးပေးခဲ့သည်။

၂၀၁၁ ခုနှစ်တွင် ဦးသိန်းစိန်သည် အရေးအကြီးဆုံး အချိန်များတွင် အစိုးရအတွက် ပြည်သူနှင့် ဆက်ဆံရေး အကျိုးအမြတ် အများဆုံးရရှိစေရန် နိုင်ငံရေးအကျဉ်းသား (၂၀၀၀)ခန့်ကို နည်းဗျူဟာ ကျကျ အသုံးချကာ ရံဖန်ရံခါ အသုတ်လိုက် လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့သည်။ ယခုစစ်တပ်မှ ဖမ်းဆီးထားသည့် နိုင်ငံရေး အကျဉ်းသား ပေါင်း(၂၂၀၀၀)ရှိသည်။ တစ်ကြိမ်လျှင် ထောင်ပေါင်း များစွာသော နိုင်ငံရေးအကျဉ်းသားများအား လွတ်ငြိမ်း ချမ်းသာခွင့်ပေးခြင်းဖြင့် ကမ္ဘာ့သတင်း များတွင် အပြုသဘောဆောင်သည့် သတင်းခေါင်းစဉ်များကို ရရှိနိုင်သည်။ နိုင်ငံရေး အကျဉ်းသား များအား လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်းကို ကြိုဆိုသော်လည်း ထိုလုပ်ရပ်အား ပြုပြင် ပြောင်းလဲရေး(သို့မဟုတ်) အပြောင်းအလဲ၏ လက္ခဏာအဖြစ် အဓိပ္ပာယ်ကောက်ယူခြင်း မပြုသင့်ပါ။ အမှန်စင်စစ် မှာ နည်းဗျူဟာသက်သက်သာဖြစ်မည်။

၎င်း၏ နိုင်ငံရေးစနစ်သစ်တွင် ပြည်တွင်းမှ ထောက်ခံအားပေးမှုရရှိရန် တောင်းဆိုခြင်းသည် နိုင်ငံတကာ အသိုင်းအဝိုင်းအနေဖြင့် ၎င်းတို့၏အစီအစဉ်ကို တရားဝင်ပံ့ပိုးနိုင်စေရန်အတွက် မရှိမဖြစ် အရေးကြီးပါသည်။ မြန်မာစစ်တပ်သည် လူမျိုးရေးခွဲခြားသည့် အမျိုးသားရေးဝါဒီ ဦးကိုကိုကြီးနှင့် ပြည်သူ့ပါတီဟု ခေါ်ဝေါ်သည့် ပါတီနှင့် ၎င်းတို့၏ ပြိုင်ဘက်အချို့နှင့် ပူးပေါင်းရွေးချယ်ရန် ကြိုးစားလာနိုင်ဖွယ်ရှိသည်။ သူကလည်း လာမည့် ရွေးကောက်ပွဲအပြီးတွင် မြန်မာစစ်တပ် အနေဖြင့် ဦးသိန်းစိန်အစိုးရကို စံနမူနာ ထားကာ လုပ်သင့်လုပ်ထိုက်သည် များကို လုပ်ဆောင်ရန်အတွက် ကိုးကားပြီး ပြောဆိုလျက်ရှိသည်။

စစ်တပ်သည် ယခုအချိန်တွင် တိုင်းရင်းသား လူမျိုးစု တော်လှန်ရေး အဖွဲ့များအဖြစ် သတ်မှတ်ထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း အချို့ကိုလည်း ၎င်း၏ အစီအစဉ်တွင် ပါဝင်ရန်အတွက် လိုအပ်မည် ဖြစ်သည်။ ယခင်က တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းအချို့နှင့် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ (သို့မဟုတ်) အ ပစ်အခတ်ရပ်စဲရေး သဘောတူညီထားသည့် အဖွဲ့အစည်းများနှင့် အခြားအဖွဲ့အစည်းများအား သွေးခွဲအုပ်ချုပ် ကာ အခြားအဖွဲ့အစည်းများကို တိုက်ခိုက်မှုများ ပြင်းထန်စွာပြုလုပ်ခဲ့ပြီး စစ်တပ်အနေဖြင့် နောက်ပိုင်းတွင် မူလ သဘောတူ ထားသည့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များကို မကြာခဏ ချိုးဖောက်ခဲ့သည်။ မြန်မာ စစ်တပ် ၏လုပ်ရပ်များအတွက် နော်ဝေနိုင်ငံ၊ ဆွစ်ဇာလန်နိုင်ငံနှင့် အခြားနိုင်ငံများမှ ရန်ပုံငွေပံ့ပိုး ထားသည့် ငြိမ်းချမ်းရေးလုပ်ငန်းဆိုင်ရာများ အတွက် ဖွဲ့စည်းထားသည့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ပံ့ပိုးကူညီမှုများ ထပ်မံရရှိဖွယ်ရှိသည်။

မြန်မာ့စစ်တပ်အနေဖြင့် နှစ်ပေါင်း(၆၀)ကျော် အာဏာရလာခဲ့သည်မှာ ၎င်း၏ နည်းဗျူဟာ ထက်မြက်မှုကြောင့် ဖြစ်သည်။ ၂၀၂၁ခုနှစ် စစ်အာဏာသိမ်းမှုသည် ရှားပါးလှသည့် နည်းဗျူဟာ အမှားဖြစ်သည်။

အကယ်၍ ဦးသိန်းစိန်အစိုးရလက်ထက်တွင် ပြုလုပ်ခဲ့သည့်အတိုင်း ရွေးကောက်ပွဲအပြီးတွင် မြန်မာစစ်တပ်သည် နည်းဗျူဟာကျကျ ပြန်လည်ကစားလာမည်လိုပါက မြန်မာနိုင်ငံတွင် ဒီမိုကရေစီ ရရှိရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့ အခွင့်အရေးနှင့် ငြိမ်းချမ်းရေးရရှိရန် အလားအလာများအတွက် ကြီးမားသည့် ခြိမ်းခြောက်မှု ဖြစ်လာနိုင်ပါသည်။

မြန်မာစစ်တပ် တည်တံ့နေသမျှ ကာလပတ်လုံး အဆိုပါ ရည်မှန်းချက်များ တစ်ခုမှ အောင်မြင်နိုင်လိမ့်မည် မဟုတ် ပေ။  ၎င်းတို့၏ စစ်တပ်အတွင်းတွင် ပြုပြင်ပြောင်းလဲရေးအား စောင့်မျှော်နေသည့် ပြုပြင်ပြောင်းလဲရေးသမား များ မရှိပါ။ မည်သည့်အခါမှလည်း ရှိလာမည် မဟုတ်ပါ။ စစ်တပ်၏ အခြေခံစဉ်းစားချက်မှာ မြန်မာနိုင်ငံအား ဗမာ ဗုဒ္ဓဘာသာ နိုင်ငံဖြစ်စေရန်သာဖြစ်သည်။ စစ်တပ်သည် လူမျိုးရေး၊ ဘာသာရေး ကွဲပြားမှုများကို ခြိမ်းခြောက်မှု အဖြစ် ရှုမြင်သည်။ စစ်တပ်ကိုယ်တိုင်သည်ပင် အဖွဲ့အစည်းတစ်ခုလုံးတွင် လူမျိုးရေးခွဲခြားမှုနှင့် အကျင့်ပျက်ခြစား မှုများ တည်ရှိနေသည်။ ထိုအကျင့်စရိုက်များသည် စစ်တပ်အတွင်းတွင် နစ်ဝင်တည်ရှိနေသဖြင့် ပြောင်းလဲရန် မဖြစ် နိုင်ပါ။

ရွေးကောက်ပွဲအပြီးတွင် မြန်မာ့စစ်တပ်နှင့် ဆွေးနွေး၍ အပေးအယူလုပ်မည်ဆိုပါက မြန်မာပြည်သူများအနေဖြင့် အမှန်တကယ်လွတ်မြောက်လာစေရန်အတွက် စစ်မှန်သည့် မျှော်လင့်ချက် များရှိနေပြီး စစ်တပ်အနေဖြင့် ယခုအချိန်ကာလလောက် အားနည်းမှုမရှိခဲ့သည့် အခြေအနေကို ပြန်လည်အားကောင်းလာစေရန်အတွက် ၎င်းတို့သတ်မှတ်ထားသည့် ရွေးကောက်ပွဲ အလွန်တွင်ချမှတ်မည့် မည်သည့်စနစ်မဆိုမှတဆင့် မြန်မာစစ်တပ်အား အသက်သွင်းပေးသကဲ့သို့ ဖြစ်ပါလိမ့်မည်။

မြန်မာနိုင်ငံရှိ ခေါင်းဆောင်များနှင့် တက်ကြွလှုပ်ရှားသူ အများအပြားသည် ၎င်းတို့အား နိုင်ငံတကာ အသိုင်းအဝိုင်းအနေဖြင့် မြန်မာစစ်တပ်၏ ဖိနှိပ်မှုမှ လွတ်မြောက်ရန် ကူညီမည့်အစား မြန်မာစစ်တပ်နှင့် အပေးအယူလုပ်ရန် ဖိအားပေးမည်ကို စိုးရိမ်ကြောင်း ထုတ်ဖော်ပြောဆိုကြသည်။

မြန်မာနိုင်ငံတွင် ကြုံတွေ့နေရသော ဆင်းရဲဒုက္ခများသည် မည်သို့မှ ခံစားနိုင်ဖွယ်ရာမရှိပါ။ သန်းနှင့်ချီသည့် ပြည်သူများ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရပြီး လူဦးရေ ထက်ဝက်ကျော်သည် ဆင်းရဲမွဲတေ နေသည့် အခြေအနေသို့ နိမ့်ကျနေကာ ပြည်သူအများစုမှာ အကြောက်တရားဖြင့် ရှင်သန် နေထိုင်နေကြရသည်။ နိုင်ငံတကာအသိုက်အဝန်းသည် ဤအကျပ်အတည်းကို အသုံးချ၍ မြန်မာ့စစ်တပ်နှင့် အပေးအယူလုပ်ရန်နှင့် ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအတွင်းမှ ဝင်ရောက် ညှိနှိုင်းရန်အတွက် ဖိအားပေးခြင်းများကို မပြုလုပ်သင့်ပါ။ ထိုသို့ပြုလုပ်ခြင်းသည် ဆယ်စုနှစ် များစွာကြာမြင့်ခဲ့သည့် ပဋိပက္ခများ၊ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခြင်းများအတွက် နည်းလမ်းတစ်ခုသာဖြစ်ခဲ့သည်။

## ရွေးချယ်မှု - မြန်မာစစ်တပ်၏ ဦးဆောင်မှုဖြစ်စဉ်နောက်ကို လိုက်မည်လား (သို့မဟုတ်) ပြည်သူများ၏ ဦးဆောင်မှုနောက်ကိုလိုက်ပါမည်လား။

မြန်မာစစ်တပ်မှကျင်းပသည့် အတုအယောင်ရွေးကောက်ပွဲပြီးနောက်တွင် နိုင်ငံတကာ အသိုင်းအဝိုင်းသည် ရွေးချယ်မှုတစ်ခုနှင့် ကြုံတွေ့ရမည်ဖြစ်သည်။ ၎င်းတို့သည် စစ်တပ်မှ အကောင်အထည်ဖော်မည့် အတုအယောင်ပြုပြင်ပြောင်းလဲခြင်းနည်းလမ်းနှင့် ဆက်လက် လိုက်ပါဆောင်ရွက်ခြင်းပြုမပြုအား ရွေးချယ်ခွင့်ရှိသည်။ မိမိတို့အနေဖြင့် ထိုအခြေအနေနှင့် ကြုံတွေ့ခဲ့ရပြီး ဖြစ်သည်၊ ထိုနည်းလမ်းအား ကြိုးစားခဲ့ပြီး ကျရှုံးခဲ့ခြင်းလည်း တွေ့ကြုံခဲ့ရပြီးဖြစ်သည်။ ထိုအခြေအနေသည် မည်သည်ကို ဦးတည်မည်ကိုလည်း သိပြီးသားဖြစ်သည်၊ ရေရှည်တွင် ပိုမိုပြင်းထန်သည့် ဖိနှိပ်မှုများ၊ ပဋိပက္ခများ၊ ဆင်းရဲဒုက္ခများနှင့် စစ်အာဏာ သိမ်းမှုများကိုသာ ဆက်လက်ကြုံတွေ့ရမည်ဖြစ်သည်။

သို့မဟုတ် နိုင်ငံတကာအသိုင်းအဝိုင်းသည် မြန်မာပြည်သူများ၏ အောင်မြင်မှုများနှင့် မျှော်မှန်းချက် များကိုအခြေခံ၍ တခြား နည်းလမ်းတစ်ခုခုကို စမ်းသပ်လုပ်ဆောင်ကြည့်ရန် ရွေးချယ်နိုင်သည်။ မြန်မာစစ်တပ်၏ ထိန်းချုပ်စိုးမိုးမှုမှ လွတ်မြောက်သည့် ဒေသများတွင် ထူထောင်ထားသည့် အုပ်ချုပ်ရေးစနစ်များကို ပံ့ပိုးပေးသင့်သည်။ ထိုဒေသများတွင် နေထိုင်ကြသော ပြည်လူများကိုလည်း နိုင်ငံတကာအကူအညီများ မျှတစွာ ပေးအပ်သင့်သည်။

မြန်မာနိုင်ငံတွင်ဖြစ်ပေါ်နေသည့် အောက်ခြေမှစတင်ကာ မိုင်ထောင်ချီခရီးကို တဆင့်ချင်း တည်ဆောက်နေသည့် ပြည်သူများမှ ဖြစ်တည်လာသည့် ဗဟိုချုပ်ကိုင်မှုမရှိသည့် bottom up devolution သည် နိုင်ငံတကာအသိုင်းအဝိုင်းနှင့် ရင်းနှီးကျွမ်းဝင်မှုမရှိ သေးပါ။ နိုင်ငံအစိုးရများနှင့် လေ့လာသူများသည် အခြားနိုင်ငံများတွင် ၎င်းတို့မြင်တွေ့နေကြ အလားသဏ္ဍာန်တူ အခြေအနေများ ကိုသာ မြင်တွေ့လိုကြသည်။ ခိုင်မာအားကောင်းသည့် ဗဟိုအစိုးရ၏ အုပ်ချုပ်မှု စံနမူနာကို မျှော်လင့်ကြသည်။ အလားတူပင် စစ်တပ်ကို အတိုက်အခံပြုရာတွင် ခေါင်းဆောင်တစ်ဦးတည်းမှ ပေါင်းစည်းထားသည့်  စုစည်းမှုရှိသည့် အတိုက်အခံအဖွဲ့တစ်ခုတည်းကိုသာ တွေ့မြင်လိုကြသည်။

အားကောင်းသည့် ဗဟိုအစိုးရ (သို့မဟုတ်) မြန်မာစစ်တပ်ကို တစ်စုတစ်စည်းတည်း ဆန့်ကျင်ခြင်းမရှိပါက မြန်မာနိုင်ငံသည် အစိတ်စိတ်အမွှာမွှာပြိုကွဲမည်၊ ကျရှုံးနိုင်ငံဖြစ်လာမည် (သို့မဟုတ်) စစ်ဘုရင်စနစ်သို့ ကျရှုံးဆင်းသက်လာမည်ကို စိုးရိမ်ကြသည်။

မြန်မာနိုင်ငံတွင် ဗဟိုချုပ်ကိုင်မှုရှိသည့် အစိုးရတရပ်ကိုသာ ပြဌာန်းရန် ကြိုးစားခြင်းသည် တည်ငြိမ်မှုများကို မဖြစ်စေပဲ ဆန့်ကျင်ဘက်အရာများကိုသာ ပေါ်ပေါက်စေပါသည်။ ၎င်းသည် ပဋိပက္ခနှင့် တည်ငြိမ်အေးချမ်းမှု မရှိခြင်းများကိုသာ ဖြစ်စေသည်။ ထိုနည်းလမ်းသည် လွန်ခဲ့သော နှစ်ပေါင်း(၇၀)တွင်လည်း အလုပ်ဖြစ်ခဲ့ခြင်းမရှိပဲ မြန်မာစစ်တပ်၏ ဆယ်စုနှစ်များစွာကြာ အုပ်ချုပ်ခဲ့မှုသည် မြန်မာနိုင်ငံတွင် ဗဟိုချုပ်ကိုင်မှုရှိသည့် အစိုးရတစ်ရပ်ကိုသာ ပြဌာန်းခြင်းသည် ကောင်းမွန်မည်ဆိုသည့် ယုံကြည်မှုကိုလည်း ပျက်ပြားစေပါသည်။

ပဋိပက္ခများနှင့် မတည်မငြိမ်ဖြစ်စေသည့် ဗဟိုမှချုပ်ကိုင်သည့် ဖွဲ့စည်းပုံအား အစားထိုးရန်အတွက် ယခုကာလတွင် အောက်ခြေမှစတင်သည့် ဖွဲ့စည်းပုံအား တည်ဆောက်လျက်ရှိသည်။ မြန်မာစစ်တပ်ကို နယ်မြေတစ်ခုမှ ဖယ်ထုတ်လိုက်နိုင်သည့်အချိန်တိုင်းတွင် ဗဟိုချုပ်ကိုင်မှုမရှိသည့်  အုပ်ချုပ်ရေးအသစ်များသည် အသစ်ဖန်တီးထားသည့် နေရာများတွင်းသို့ ချဲ့ထွင်လာနိုင်သည်။ အချို့မှာ အာဏာရှင်များဖြစ်လာသော်လည်း အများစုမှာ အာဏာရှင်များ မဟုတ်ကြပါ။ ၎င်းတို့အနေဖြင့် ပြည်သူလူထု အလိုရှိသည်များ၊ လိုအပ်သည်များနှင့် ပြည်သူလူထုမှတောင့်တသည့် အစိုးရ

ကို သိရှိနားလည်စေရန် ဒေသခံပြည်သူများနှင့် တိုင်ပင်ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိသည်။

ဒေသခံပြည်သူများအနေဖြင့် ၎င်းတို့၏ ဘဝရပ်တည်ရေး၊ ဝိသေသလက္ခဏာ၊ ဘာသာရေးနှင့် သဘာဝအရင်းအမြစ်များကို ပိုမိုထိန်းချုပ်နိုင်လာသည်။ စာသင်ကျောင်းများနှင့် ကျန်းမာရေး ဝန်ဆောင်မှုများကိုလည်း ပံ့ပိုးပေးအပ်လျက်ရှိနေသည်။ ထိုအခြေအနေများမှာ တိုင်းရင်းသား ပြည်နယ်များတွင်သာ တည်ရှိနေခြင်း မဟုတ်ပဲ မြန်မာစစ်တပ်၏ ထိန်းချုပ်မှုအောက်မှ လွတ်မြောက်နေသည့် နေရာများတွင် တည်ရှိဖြစ်ပေါ်နေခြင်းဖြစ်သည်။

၎င်းအုပ်ချုပ်မှုပုံစံသည် မယုံကြည်နိုင်လောက်အောင် ရှုပ်ထွေးသော နိုင်ငံတစ်ခုတွင် ရှုပ်ထွေးသော စီမံအုပ်ချုပ်မှုဆိုင်ရာ ပေါင်းစပ်လုပ်ဆောင်မှုတစ်ခုဖြစ်သည်။ ဆယ်စုနှစ်များစွာတိုင်အောင် မြန်မာစစ်တပ်၏ အလွဲသုံးစားလုပ်မှုများနှင့် သွေးခွဲအုပ်ချုပ်မှု၏ အကျိုးဆက်ဖြစ်သည့် ကြီးမားသော စိန်ခေါ်မှုများနှင့် ကြောက်မက်ဖွယ်ကောင်းသော အမွေအနှစ်များ ဆက်လက်တည်ရှိနေပါသည်။

နိုင်ငံတကာ၏ ပံ့ပိုးကူညီမှု အနည်းငယ် (သို့မဟုတ်) အကူအညီများ မရှိသလောက်ဖြင့် အောင်မြင်ခဲ့သည့်လုပ်ရပ်များမှာ မှတ်သားချီးကျူးစရာဖြစ်သည်။ ရင်းနှီးကျွမ်းဝင်နေကြ အရာမဟုတ်သော်လည်း လက်ရှိမြန်မာစစ်တပ်၏ ကြီးစိုးမှုမှအပ အခြားရွေးချယ်စရာရှိပြီး ထိုရွေးချယ်စရာသည် ငြိမ်းချမ်းရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများအတွက် မြန်မာစစ်တပ်မှ ကမ်းလှမ်းထားသည်ထက်ပင် ပိုမိုကောင်းမွန်သည့် ရေရှည်အလားအလာများ ရှိပါသည်။

Published by Burma Campaign UK
110 The Bon Marche Centre,
241-251 Ferndale Road, London SW9 8BJ
www.burmacampaign.org.uk
info@burmacampaign.org.uk